This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

**မွန်အမျိုးသားပါတီ ၏ မူဝါဒ သဘောထား**

နေပြည်တော် စက်တင်ဘာ ၂၄ ။ ။ မွန်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး နိုင်လယိတမက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၄ ရက်နေ့ ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။အဆိုပါဟောပြောတင်ပြချက် အပြည့်စုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
***မင်္ဂလာပါခင်ဗျား -***
***ချစ်ခင်လေးစားအပ်ပါသော မွန်တိုင်းရင်းသားများနှင့် မဲဆန္ဒရှင် ပြည်သူ အပေါင်းတို့ခင်ဗျား -***

ကျွန်တော်ကတော့ မွန်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး နိုင်လယိတမ ဖြစ်ပါတယ်။ လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွက် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ပါတီအနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်မှာ (၃၄) နေရာ၊ ကရင်ပြည်နယ်မဲဆန္ဒနယ်မှာ (၁၄) နေရာ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်မှ (၅) နေရာ စုစုပေါင်း (၅၃) နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

**ကျွန်တော်တို့ မွန်အမျိုးသားပါတီရဲ့ နိုင်ငံရေးမူဝါဒ သဘောထားကတော့ -**
၁။ ပြည်သူတစ်ရပ်လုံးဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အ၀ ရရှိခံစားရန်။
၂။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် စည်းလုံးညီညွတ်ရေး တည်ဆောက်ရန်။
၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသော ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းတည့်တံ့ရန်။

၄။ စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ဖြစ်ပေါ်ထွန်းရန်။
၅။ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးဆာင်ရွက်သွားရန်။
၆။ ပြည်သူလူထုအား ဖိနှိပ်စက်သော မည့်သည့်အာဏာရှင်စနစ်မျိုးမဆို မည်သည့်အခါမျှ မပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။
၇။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကဏ္ဍ အသီးသီးတို့ကို အကောင်ထည်ဖော်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှုအပေါ် အခြေခံလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက် သွားရန်တို့ ဖြစ်ပါတယ်။
အထက်ပါနိုင်ငံရေ့ူ မူဝါဒသဘောထားများကို ဖော်ဆောင်နိုင်ရန် အတွက် မွန်အမျိုးသားပါတီအနေနဲ့ ကြွေးကြော်သံ (၃) ရပ်ချမှတ်ပြီး ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။
အဲဒါတွေကတော့
၁။ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေါ် အင်အားစုများ ဟန်ချက်ညီစွာ နိုင်ငံရေး ဆောင်ရွက်မှုများ လုပ်ဆောင်ရန်။
၂ ။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရန် (သို့) ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရန်။
၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်ကို အာမခံသော စစ်မှန်သော မွန်ပြည်နယ်ပေါ်ထွန်းရန်တို့ ဖြစ်ပါတယ်။
ဒါကြောင့်မို့
" အမျိုးသားတန်းတူရေးကို ဖော်ဆောင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးကြပါစို့"
" ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးကြပါစို့"
("ဟသ်ာအားမာန် မိုးယံဖောက်တက်ကြယ်ဖြူထက်သို့")၂